# “ကလေးများအားမှန်ကန်သောဆုံးဖြတ်ချက်ချမှတ်တတ်ရန် သင်ကြားပေးခြင်း”

## Teaching Children to Make the Right Decisions!

အချို့သောစာရေးဆရာများက ကလေးများအား ဘယ်အရာမဆို လူကြီးများ၏ အကူအညီမပါဘဲ သူတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်တတ်ရေးကို အားပေးရန်ဟူသော အယူအဆအား ကျယ်ပြန့်စွာဖော်ပြကြသည်။ မိဘတစ်ဦးဖြစ်သော သင့်အနေဖြင့်မည်သည့်လမ်းကိုမျှရွေးချယ်ရန် စိတ်ကူးမရှိလျှင် သင်၏ကလေးငယ်များအား ကိုယ်တိုင်ဆုံးဖြတ်ချက်ချမှတ်ရန် ခွင့်ပြုခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ သို့ရာတွင် သာမန်ဆုံးဖြတ်ချက် ကလေးများသည်ပင် အရေးကြီးသော ဆုံးဖြတ်ချက်များ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် သင့်အားဖြစ်စေ အခြားကလေးငယ်များကိုဖြစ်စေ သင်ကဘုရားခင်အတွက် ဆောင်ရွက်နေသောကိစ္စကိုဖြစ်စေ ထိခိုက်စေနိုင်သောကြောင့် ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ဆုံးဖြတ်ရွေးချယ်ခြင်းသည် အခြားသူများရွေးချယ်ပေးခြင်းထက်ပို၍ သာလွန်ကောင်းမွန်လေ့ရှိပြီး ကျွန်ုပ်တို့သိထားသည့် အကောင်းဆုံးအရာကိုသာ ရွေးချယ်ဆုံးဖြတ်တတ်စေရန် ကလေးငယ်များကိုအားပေးရပါမည်။

သမ္မာကျမ်းစာက ကျွန်ုပ်တို့၏ဘဝကို ကျွန်ုပ်တို့မပိုင်ဆိုင်ကြ။ ကျွန်ုပ်တို့ကို အဖိုးအခနှင့်ဝယ်ယူထားခြင်း ခံကြရသည်။ (ကောရိန္သု ဩဝါဒစာစောင် ၇း၂၃) ဟုမိန့်ကြားထားသည်။ ထို့ကြောင့် သင့်ကလေးငယ်များကို အမှန်တကယ်နမူနာပြ သင်ကြားရမည်မှာဆုံးဖြတ်ချက်တိုင်းသည် အရေးကြီးပြီး ဘုရားသခင်၏ အလိုအတိုင်းကိုက်ညီဖို့ လိုအပ်ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် သင့်ကလေးငယ်များအား သူတို့ပြုလုပ်သမျှသည် ဘုရားသခင်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း ငယ်စဉ်ကတည်းက သင်ကြားပေးလျှင် သူတို့သည် ဘုရားသခင်၏ အမှုတော်ကိုထမ်းကာ ဘုရားသခင်အား ချစ်ခင်မြတ်နိုးရင်း ကြီးပြင်းလာကြပေလိမ့်မည်။

စင်စစ်အားဖြင့် သူတို့၏ကိုယ်ပိုင် ဆုံးဖြတ်ချက်ချမှတ်တတ်ရေးကို ကျွန်ုပ်တို့က အားပေးနိုင်သကဲ့သို့ အားပေးသင့်ပါသည်။ သို့သော် ကိစ္စများစွာတို့တွင် သူတို့သည် ကျွန်ုပ်တို့၏လမ်းပြရှေ့ဆောင်မှု လိုအပ်နေဆဲဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့၏အကြံဉာဏ်ကိုထပ်မံဖြည့်မှတ်ပေးလျှင် သူတို့အား ဆုံးဖြတ်ချက်ချမှတ်ရေးကို သင်ကြားပေးနိုင်ပါသေးသည်။ သို့သော် ကျွန်ုပ်တို့၏အဖြေများနှင့် ရွေးချယ်မှုများကိုမူ သူတို့အားနှုတ်တိုက်ချမပေးပါနှင့်။ သူတို့အား မေးခွန်းမေးခြင်းဖြင့် အကြောင်းအရာများကို စဉ်းစားလာစေနိုင်ပါသည်။ သူတို့အားမှန်ကန်သည့် ရွေးချယ်မှုသို့ရောက်ရှိသည့်တိုင်အောင် သင်ကမေးခွန်းများမေး၍ ကူညီပေးနိုင်ပါသည်။

ကမ္ဘာပေါ်ရှိ မိဘများစွာတို့သည် ဘုရားသခင်၏ “အဘတို့ ကိုယ့်သားသမီးကို စိတ်ဆိုးစေခြင်းငှာ မပြုကြနှင့်။ သခင်ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကို ပြုလျက်ကျွေးမွေးကြလော့” ဟူသော သားသမီးများအား ပြုစုပျိုးထောင်ရေးနှင့် ဆုံးမသွန်သင်ရေးတွင် ကျွန်ုပ်တို့သည် သားသမီးများ၏ စိတ်ချမ်းသာမှု သက်သက်ကိုသာ “သားလုပ်ချင်တာကိုလုပ်၊ သားစိတ်ချမ်းသာသလိုလုပ်” ဟူ၍ ဦးစားမပေးရပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ စိတ်ထဲတွင်ရည်မှန်းချက်များ ရှိနေသောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့က သူတို့အား သူတို့ကိုယ်တိုင် စိတ်ချမ်းသာရေးမျှသာမဟုတ်ဘဲ ဘုရားသခင်နှင့်ဘုရားသခင်၏ လုပ်ငန်းအတွက် အကောင်းဆုံးကိုသဘာဝယုတ္တိကျစွာ ကျိုးကြောင်းဆီလျော်စွာ တစ်ခုပြီးတစ်ခုရွေးချယ်တတ်စေရန် လေ့ကျင့်ပေးကြရပါမည်။

သို့ရာတွင် တစ်ချိန်တည်း၌ပင် သူတို့အနေဖြင့် ဆုံးဖြတ်ချက်ချရန်ကိစ္စများ ကြုံကြိုက်လာသောအခါ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်တတ်ရေးကိုလည်း သင်ကြားပေးရပါမည်။ သူတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်ခွင့်ကို ကျွန်ုပ်တို့တတ်နိုင်သည့်နေရာများ ကိစ္စများတွင်ခွင့်ပြုပေးရပါမည်။ “ကောင်းပြီ မေမေဘာမှမပြောတော့ပါဘူး။ သမီးဘယ်လိုခံစားရသလဲ။ ဘယ်လိုတွေးမိသလဲ” ဟုပြောရုံမျှနှင့်မပြီးဘဲ တစ်ချိန်တည်းမှာပင် မှန်ကန်သောဆုံးဖြတ်ချက်သို့ ရောက်အောင်ကူညီပေးရပါဦးမည်။ စိတ်ဓါတ်ရေးရာဦးဆောင်လမ်းပြမှုပေးရပါဦးမည်။

မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့ဦးဆောင်လမ်းညွှန်မှုပေးသောအခါ ကျွန်ုပ်တို့ကလေးငယ်များအား အလိုက်သင့်လမ်းကြောင်းခင်းပေးခြင်းမျိုး မပြုလုပ်ဘဲ ကလေးများ၏ကိစ္စကို လွန်ကဲစွာပါဝင်ကူညီပေးလေ့ရှိကြပါသည်။ သူတို့အား ဥပဒေစည်းကမ်းများကိုနှုတ်တိုက်ချေ၍ လမ်းကြောင်းပေးမည့်အစား သူတို့အားမေးခွန်းများမေးခြင်းဖြင့် ဦးဆောင်လမ်းပြပေးရန် ကြိုးစားသင့်ပါသည်။

ကလေးများသည် ကျွန်ုပ်တို့၏လမ်းပြမှုကို လိုအပ်သည်။ အကြောင်းမူကား သူတို့တွင်ကျွန်ုပ်တို့ တွေ့ရှိခဲ့ပြီးသော အတွေ့အကြုံများလုံလောက်စွာ မရှိကြသေးပါ။ ဘုရားသခင်၏ ဆုံးမစကားများနှင့် စည်းကမ်းများကို ကျွန်ုပ်တို့လောက်မသိရှိကြသေးပါ။ အခြေအနေကိုလိုက်၍ ဘုရားသခင်ဖြေရှင်းပေးမှုကိုလည်း သူတို့သဘောမပေါက်ကြသေးပါ။ အဖြူနှင့်အမည်း သဲကွဲသော အမှားနှင့်အမှန်ခြားနားသော ဟုတ်ခြင်းနှင့်မဟုတ်ခြင်း မတူညီသော သာလွန်ကောင်းမွန်ခြင်းနှင့် အကောင်းဆုံးတို့ ထင်ရှားခြားနားသော ဆုံးဖြတ်ချက်ဖြစ်လျှင်သော်မှ ကလေးများအား “ဟောဒီမှာတွေ့လား။ ဒီကိစ္စက ဒီလိုရှိတယ်” ဟူသော စည်းမျဉ်းဥပဒေများ ချမှတ်ပေးခြင်းမှ ရှောင်ကြဉ်ရန်ကြိုးစားရပါမည်။ အဆုံးသတ် ဆုံးဖြတ်ချက်ကို သူတို့ကိုယ်တိုင် ချမှတ်ရေးအတွက် လမ်းပြရေးကိုသာ ကြိုးစားသင့်ပါသည်။ သို့တိုင်အောင် သူတို့ကမှားယွင်းသော ဆုံးဖြတ်ချက်ဥပဒေသများကို သင်ကာချမှန်ပေးရမည်ဖြစ်သော်လည်း အနည်းဆုံးအားဖြင့် သူ၏သဘောတူညီမှုကိုတော့ ရယူလိုပါလိမ့်မည်။

အချို့သောမိသားစုနှင့် စိတ်ပညာရှင်များက သူတို့ကလေးများအား တိကျသောနည်းလမ်းတစ်ရပ်ကို စဉ်းစားလာအောင် တွန်းအားပေးနေကြသည်ဟု အပြောခံရမည်ကို စိုးရိမ်ကြသည်။ ကလေးများစဉ်းစားချင်သလို စဉ်းစားရန်ခွင့်ပြုရေးအတွက် ကလေးများတွင်

ကိုယ်ပိုင်စဉ်းစားနိုင်စွမ်း မရှိမည်ကို ပူပန်နေကြသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုအချက်ကို လုံးဝသဘောတူညီနိုင်မှု မရှိပါ။ တစ်နည်းအားဖြင့်သင့်အနေဖြင့်လည်း ကလေးများအား သူတို့ဆုံးဖြတ်ရမည့် ဆုံးဖြတ်ချက်ကို အသေးစိတ်နှုတ်တိုက်ချပေးမည်မဟုတ်ပါ။ သင်ပြောသည်မှာ မှန်ကန်ကြောင်း ထိုအချက်ကို သူတို့ယုံကြည်ချင်လာအောင် သူတို့ကိုယ်တိုင် ဆုံးဖြတ်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် လမ်းပြကူညီပေးသင့်ပါသည်။

ပထမဦးစွာ သင်ကမေးခွန်းမေး၍ လမ်းညွှန်မှုမပြုခင်တွင် သက်ကသူတို့ပြောစကားကို နားထောင်ကြည့်ရပါမည်။ စကားတစ်ခွန်းမျှမပြောဘဲ ခဏတာမျှငြိမ်သက်စွာ နားထောင်နေပါ။ သို့သော် ထက်သန်သောနားထောင်ခြင်းမျိုးကို အသုံးပြုကာသင်ကိုယ်တိုင်ပါဝင်ဆွေးနွေးခြင်းဖြင့် တစ်ချိန်တည်းမှာပင် နားထောင်ရန်လမ်းညွှန်ရန် ကြိုးစားသင့်ပါသည်။

သင့်ကလေးငယ်အား "သားကဘယ်လိုအကြောင်းတွေ ဘယ်လိုအကျိုးတွေကို စဉ်းစားမိသလဲ" ဟုမေးသင့်ပါသည်။ ကလေးငယ်ကအကျိုးအကြောင်းကို မသိပါက သင်က "ဒီမှာတော့ ဟောဒီလိုမတူတဲ့ အချက်တွေရှိတာကို သားစဉ်းစားကြည့်နိုင်သလား။ ဒီဘက်မှာတော့ဒီအချက်တွေရှိနေပြန်တယ်။ ဘယ်အချက်တွေက ကောင်းမယ်လို့သားထင်သလဲ။ ဘယ်အချက်တွေကတော့ ဟန်မကျဘူးထင်သလဲ။ ဒီအချက် ဒါမှမဟုတ် ဟိုအချက်ကို လုပ်ရတဲ့အကြောင်းကဘာတွေလဲ။ ဒီကိစ္စအတွက် ကွဲပြားတဲ့အကြောင်းတွေ ရှိသေးလား" စသည်ဖြင့်ကူညီ ပြောပေးနိုင်ပါသည်။ ချမှန်ရမည့် ဆုံးဖြတ်ချက်နှင့်ပတ်သက်နေသော အကြောင်းအရာအားလုံးကို ကလေးငယ်စဉ်းစားတွေးခေါ်တတ်ရန် မေးခွန်းများမေး၍ ကူညီပေးပါ။

ကျွန်ုပ်တို့၏ လမ်းညွှန်မှုသည် အဘယ်ကြောင့်အရေးကြီးသနည်းဆိုသော် ကလေးများအား ဘုရားသခင်၏ ဆုံးမစကားများနှင့်ပတ်သက်သောစည်းမျဉ်းများ စွဲမြဲအောင်ပြုလုပ်နေခြင်းသည် ကျွန်ုပ်တို့ကကလေးများအား ဘုရားသခင်ကိုယ်စား ဘုရားသခင်၏ လမးညွှန်ချက်များကို ပေးနေခြင်းကြောင့်ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကလေးများအတွက် ဘုရားသခင်ထံမှ သြဝါဒတစ်ခုကို ကျွန်ုပ်တို့ရရှိထားလျှင် ထိုသြဝါဒ၏အဓိပ္ပါယ်နှင့်တကွ ထိုသြဝါဒကို ကလေးများအားမည်သို့ သင်ကြားပေးရမည်ကိုပါ ကျွန်ုပ်တို့သဘောပေါက်ကြပါသည်။ သင်ကြားပေးရန် ပျက်ကွက်လျှင် ကလေးများအား ဆုံးရှုံးရသည်နှင့်တူသည်။ ထို့ကြောင့် ထိုသြဝါဒကို သူတို့အား ကျွန်ုပ်တို့သင်ကြားပေးရပါလိမ့်မည်။

မည်သို့သင်ကြားပေးရမည်ဆိုခြင်းက ကျွန်ုပ်တို့အတွက် ပြဿနာတစ်ခုပင်။ တစ်ခါတစ်ရံ ကလေးများအား ဖိအားပေးသင်ကြားလိုကြသည်။ သို့သော် ဖိအားပေးပါက ဆန့်ကျင်ဘက်အကျိုးဆက်များကိုပင် ကျွန်ုပ်တို့ရရှိပေလိမ့်မည်။ သို့မဟုတ် ကျွန်ုပ်တို့၏အမြင်များအယူအဆများကို သူတို့သဘောတူလက်ခံလာစေရန် အစကတည်းကပင် စိတ်ရှည်စွာ လမ်းညွှန်ပြသပေးခြင်းဖြင့် ကူညီပေးနိုင်ပါသည်။ ထိုသို့ ကူညီရာတွင် ကလေးများပို၍ လက်ခံလာစေနိုင်သည့် နည်းလမ်းများကို ကျွန်ုပ်တို့လေ့လာရန် လိုအပ်ပါသည်။ ထိုအခါကလေးများက သူတို့အား ကျွန်ုပ်တို့ကအတင်းအကျပ် ရိုက်သွင်းခြင်းမျိုးမဟုတ်ဘဲ အလိုအလျောက်စိမ့်ဝင်သည့် သဘောဖြင့်ပိုမိုလက်ခံလာပါလိမ့်မည်။

ကလေးသူငယ်များအား လေ့ကျင့်သင်ကြားပေးပါက သင်ကသာအခွင့်အရေးပေးလျှင် ကိစ္စများစွာတို့၌ ကလေးငယ်များသည် မှန်ကန်သောဆုံးဖြတ်ချက်များကို ချမှတ်နိုင်စွမ်းရှိလာကြပါလိမ့်မည်။ သင်က ခဏမျှဆိုင်းငံ့ကာ အလျင်စလိုလမ်းညွှန်မှု မပြုဘဲစောင့်ကြည့်နပါက ကလေးများသည် သူတို့ကိုယ်တိုင် မှန်ကန်သောဆုံးဖြတ်ချက်ကို ချမှတ်တတ်လေ့ရှိပါသည်။ သို့သော် မှန်ကန်သောဆုံးဖြတ်ချက် ချမှတ်သည့်လက္ခဏာကို သို့မဟုတ် မည်သို့ပြုလုပ်မည်ဟူသော လက္ခဏာကို အချိန်တိုအတွင်းတွင်မှု ပြသလေ့မရှိပါ။ ထိုအခါမျိုးတွင် သင်ကသူ့အားစတင်လမ်းညွှန်ပေးရပါမည်။

အလေးထားရန် သတိပြုရမည့်အချက်မှာ ကိစ္စများတွင် အလျှင်စလိုဝင်ရောက်စွက်ဖက်ခြင်း မပြုပါနှင့်။ စောင့်ဆိုင်းပါ။ နားထောင်ပါ။ စကားမပြောပါနှင့်။ နောင်အခါတွင် စကားပြောနိုင်ပါသည်။ မေးခွန်းများမေး၍ လမ်းပြနိုင်အောင်ကြိုးစားပါ။ "ဒီကိစ္စကို ဘယ်လိုစဉ်းစားသလဲ။ ဒီကိစ္စက ဘယ်လိုဖြစ်နေတယ်လို့ ထင်သလဲ" ဟုမေးပါ။

ထို့ကြောင့် ကလေးများအား ကိုယ်တိုင်ဆုံးဖြတ်ချက်ချမှတ်တတ်ရေးအတွက် ကူညီရာတွင် ဦးစွာနားထောင်ပါ။ ငြိမ်သက်စွာနေပါ။ သင်နှင့်သူတို့စကားပြောခြင်းဖြင့် မှန်ကန်သောဆုံးဖြတ်ချက်ဆီသို့ ရောက်ရှိလာပါလိမ့်မည်။ သို့သော် ကလေးများထိုသို့ ဆုံးဖြတ်ချက် မချနိုင်ပါက တိကျသောမေးခွန်းများမေးကာ လမ်းညွှန်ပေးပြီး မှန်ကန်သော ဆုံးဖြတ်ချက်သို့ ရောက်ရှိလာအောင် ကူညီပါ။

..............................................................

* စကားမပြောတတ်သေးတဲ့
နီရဲမို့ဖောင်းတဲ့ ပါးကလေးတွေတစ်တစ်ရစ်ရစ်နဲ့
ကလိထိုးရင် တခစ်ခစ်ရယ်ပြီး ဖက်တွယ်ထားလို့ကောင်းတဲ့
ကိုးလသား ကလေးလေးရယ် "မင်းတကယ်ကြီးလာမှာစိုးတယ်" လို့
မေမေတိုးတိုးလေးပြောခဲ့မိတယ်။

* မြင်သမျှပစ္စည်းကို အမည်ခေါ်တတ်ပြီး
ဝတ်ထားတဲ့အဝတ်တွေ ပေစုတ်ညစ်အောင်
လှစ်ကနဲ လှစ်ကနဲ တောက်တောက်ပြေးတဲ့

ကလေးအရွယ်ကျပြန်တောလည်း
"တကတည်း ဒီလိုပျော်နေတဲ့အရွယ်ကလွန်ပြီး
သတိမမူရှုမမြင် လူမထင်ဘဲရိုင်းချင်တဲ့အရွယ်
တကယ်ရောက်လာမှာကို အမေစိုးတယ်လို့"
မေမေတိုးတိုးလေး ပြောမိပြန်ပါရော။

* ဒါပေမဲ့ ဘဝရဲ့အလှဆုံးအချိန်ဖြစ်တဲ့
နှစ်နှစ်သားအရွယ်က ထာဝရတည်သွားရင်
သားရဲ့အပြုံးတိုင်းကို တစ်သက်လုံးမြင်ရမှာပဲလို့
အချိန်ကိုဆွဲထားချင်ပေမဲ့လည်း
ကဲ ခုတော့ ၄နှစ်သားလေးဖြစ်လာပြီး
ရယ် (ရီ) နေတဲ့မျက်လုံးကလေးတွေ
မေမေဘယ်လိုပြန်တွေ့နိုင်ပါတော့မလဲလို့
မချိတင်ကဲ ပြောရပြီပေါ့။

* အို သားလေးရယ် သားကလေးကိုချစ်လို့
လေးနှစ်သားအဖြစ်နဲ့မှန်းပြီး
အမြဲတန်းမြင်နေချင်လို့ မရဘူးလေ။
ကာလယန္တရား တရွေ့ရွေ့သွားလို့
ကလေးဘဝကို နောက်ချန်ထား
တကယ့်ကို ယောကျာ်းကြီးဖြစ်လာပြန်တော့လည်း
အမြဲညစဉ် သားအိပ်နေတဲ့ကုတင်ဘေးမှာရပ်လို့
"ဟော မြင့်မြတ်တဲ့ယောကျာ်းကြီးပေကိုး" လို့
မေမေတိုးတိုးလေးပြောပြီး
ဂုဏ်ယူရပြန်ပြီကော သားရယ်။ ။

အက်ဒ် ဂါ ဂက်စ်တ် (Edgar Guest)